# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၁၅ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ" ၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဌာနမှူး အဖွဲ့ဝင်
စစ်မဟာဗျူဟာလေ့လာရေးဌာန
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဆ) ဒုတိယအမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဈ) လက်ထောက်စစ်ဥပဒေချုပ် အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(ည) ရဲမှူးကြီး အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဏ) ဌာနခွဲမှူး | အဖွဲ့ဝင်
စည်းမျဉ်းနှင့်ဥပဒေပြုစုရေးဌာနမှူးရုံး
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(တ) ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ဒုတိယအထွေထွေအတွင်းရေးမှူး | အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဒ) လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ပြန်ကြားရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီက ချမှတ်ပေးသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမဖြစ်ပွားစေရေး အသိပညာပေးလုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အဖွဲ့အစည်းများ အပါအဝင် ကုလသမဂ္ဂ နိုင်ငံအဆင့် စောင့်ကြည့်ရေးနှင့် အစီရင်ခံတင်ပြရေးဆိုင်ရာ အထူးတာဝန်အဖွဲ့ (UNCTFMR) နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် သတင်းမီဒီယာများ အသုံးပြုဆောင်ရွက်ရန်၊

(ဃ) သေကြေထိခိုက်ဒဏ်ရာရရှိစေမှုနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရသော ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်လူမှုကူညီပံ့ပိုးမှု၊ စီးပွားရေး၊ လူမှုရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုများရရှိစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေများအား ပြည်သူလူထုသိရှိစေရန် အများပြည်သူဆိုင်ရာနေရာများ၊ အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အဦများ စသည့်နေရာများတွင် အသိပေးလှုံ့ဆော်ရန်နှင့် ဆရာဖြစ်သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ရန်၊

(စ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကြေထိခိုက်စေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများအား ဟန့်တားကာကွယ်နိုင်ရေး အသိပညာပေးရန်အတွက် ဆိုင်းဘုတ် (Billboard) အား မြန်မာဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားတို့ဖြင့် စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များအား မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားများဖြင့် ပြုစုဖြန့်ဝေခြင်းတို့ ဆောင်ရွက်ရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့် ညွှန်ကြားချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အပြည့်အဝလိုက်နာရေး ကုလသမဂ္ဂနိုင်ငံအဆင့်စောင့်ကြည့်ရေးနှင့် အစီရင်ခံတင်ပြရေးဆိုင်ရာ အထူးတာဝန်အဖွဲ့ (UNCTFMR) နှင့်ပူးပေါင်း၍ သင်တန်းပေးရန်၊

(ဇ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီမှ ချမှတ်ထားသည့်မူဝါဒများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဈ) အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တိုင်ကြားမှုအမျိုးအစားအလိုက် ဖြေရှင်းဆောင်ရွက်မှုများ အပေါ် သတ်မှတ်ထားသည့် ဥပဒေ၊ အမိန့်/ညွှန်ကြားချက်များနှင့် ညီ/မညီ စောင့်ကြည့်စစ်ဆေးအကဲဖြတ်ရန်၊

(ည) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာ ရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် စွပ်စွဲချက်များ၊ သတင်းဖော်ပြချက်များကို စိစစ်သုံးသပ်ပြီး သတ်မှတ်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ စောင့်ကြည့်တင်ပြရန်၊

(ဋ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် ညွှန်းကိန်း (Indicator)၊ ရလဒ်(Result)၊ စစ်ဆေးရမည့်အချက် (Check Point) များအား ရေးဆွဲခြင်းနှင့် ဖော်ပြပါအချက်များနှင့်အညီ ဆန်းစစ်ရန်၊

(ဌ) အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုအား အခါအားလျော်စွာ လေ့လာဆန်းစစ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ ပြင်ဆင်နိုင်ရေး တင်ပြရန်၊

(ဍ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရ စေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ သင်တန်းပို့ချခြင်းများကို လေ့လာသုံးသပ်ခြင်းနှင့် လိုအပ်ပါက လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ရန်၊

(ဎ) ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနောက်ဆက်တွဲပါစာရင်းမှ ပယ်ဖျက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု အတွေ့အကြုံများကို အခြေခံ၍ ကုလသမဂ္ဂနှင့် ပူးတွဲလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရေး အတွက် တစ်ဆင့်တက်လှမ်းရန် ဖြစ်နိုင်ခြေနည်းလမ်းများကို လေ့လာပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု များမှ ကာကွယ်တားဆီးရေးကော်မတီသို့ အခြေအနေတင်ပြရန်၊

(တ) လုပ်ငန်းဆောင်ရွက်မှုများအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ (၆)လတစ်ကြိမ် အစီရင်ခံတင်ပြရန်။

၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ ပုံမှန်တင်ပြရန်နှင့် ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စရပ်များအား တင်ပြရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၁၉ - ၁၁ - ၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၁၂ ( ၂ ) / ၈ / သမ္မတရုံး ကို ညွှန်အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး